(၁) ပြဒါး(Mercury)သုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းကြောင့် သတ္တုတွင်းလုပ်သားများ၊ အနီးပတ်ဝန်းကျင် လူမှုစီးပွားထိခိုက်မှုမရှိစေရေး နှင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၂) ပြဒါး (Mercury) သုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့် ထိခိုက်မှုမရှိစေရေးအတွက် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း (Periodic Medical Examination)နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာခြင်း(Monitoring of Environmental Pollution) တို့ကို ပြုလုပ်ရန်၊

(၃) အလုပ်လုပ်ကိုင်သူများအား ပြဒါး (Mercury) ဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့်သင့်လျော် ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေစနစ်တကျ ဝတ်ဆင်သုံးစွဲလုပ်ကိုင် ဆောင်ရွက်စေရန်၊

(၄) လုပ်ငန်းခွင်သို့ မဝင်ရောက်မီ လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လုပ်ငန်းမလည်ပတ်မီ အနီးပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု၌ ပြဒါး (Mercury)ပါဝင်မှု တိုင်းတာခြင်းတို့ကို ဆောင်ရွက်၍ မူလအချက်အလက် (Base line data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အတိုင်းဆောင်ရွက်ရန်၊

(၅) ပြဒါး(Mercury) ဓာတုပစ္စည်းများ ထုပ်ပိုးသည့် Packing အပေါ်တွင် အဓိပ်ပာယ်ရှိသည့် စာတန်းနှင့်အန္တရာယ်သတိပေး ရုပ်ပုံအမှတ်အသားတံဆိပ် များကို ထင်ရှားမြင်သာစွာ ရေးသားဖော်ပြရန်၊

(၆) ပြဒါး (Mercury) ဓာတုပစ္စည်းများကို သုံးစွဲရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် စည်ပင်သာယာရေး ကော်မတီများမှ ပြဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေးသန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်